## ပျော်ပါးခံစား နတ်ပြည်သွား

အရှင်ကေလာသ
အောက်တိုဘာ ၉၊ ၂၀၁၅။
------------------

တပည့်တော်မှာ အလွန် ရင်းနှီးသော ဘာသာခြား မိတ်ဆွေ တစ်ယောက်ရှိသဖြင့် သူနဲ့အတူ ဘုရားကျောင်းများသို့ မကြာခဏ ရောက်ပါသည်။ ဘုရားကျောင်း လာသူများမှာ တရား ဟောဆရာရဲ့ သားသမီး မိသားစုနှင့်အတူ ဘုရားသီချင်းကို သီဆို တီးမှုတ်ကြပါသည်။ ငြိမ်းချမ်းပြီး ပျော်စရာ ကောင်းပါသည်။ ဗုဒ္ဓဘာသာ ဘုန်းကြီး ကျောင်းများ၌မူ စကားကျယ်ကျယ် မပြောရပါ။ ကလေးများမှာ ကြာကြာ မနေချင်ကြပါ။ တပည့်တော် မေးလိုသည်မှာ ကာမအာရုံကို ခံစားပြီး သုဂတိဘုံသို့ ရောက်ကြောင်း တရားနှင့် ပတ်သက်၍ မြတ်စွာဘုရား ဟောကြားချက် ရှိပါသလား ဘုရား။

Dr. မိုးရွှေရည်စိုး
--------------------------

**အဆန်တရား**

လောကကြီး တစ်ခုလုံး စိတ်နောက်သို့ အလိုရှိတိုင်း လိုက်နေ ကြစဉ် မြတ်ဗုဒ္ဓက စိတ်အလိုနောက် မလိုက်ဖို့ သင်ကြားတယ်။ စိတ်ရိုင်းကို စိတ်ယဉ်ဖြစ်အောင် လေ့ကျင့်နည်းကို ညွှန်ပြတယ်။ 'ဆုံးမထားတဲ့ စိတ်ဟာ ချမ်းသာကို ဆောင်တယ်'လို့လည်း အာမခံချက် ပေးတယ်။ ယခင်က တုတ်ဆွဲ ဓားကိုင်တဲ့ လူဆိုး လူကြမ်းဟာ ဗုဒ္ဓရဲ့ ဓမ္မကို ကျင့်ပြီးတဲ့ နောက်မှာ တုတ်ဓားကို စွန့်ကုန်တာတွေ အများကြီး။ ဒီရည်ရွယ်ချက်နဲ့ပဲ ဗုဒ္ဓဘာသာ ဘုန်းကြီးကျောင်းကို လာကြတာ လာရမှာ ဖြစ်ပါတယ်။

ဒီနေရာမှာ 'ကျင့်'ဆိုတာ ပိဋကတ်သုံးပုံ အာဂုံဆောင်တာ၊ အဘိဓမ္မာ ဒေါက်တာ မဟာ အဂ္ဂ .. စတဲ့ ဘွဲ့မျိုးတွေ ရှည်တာကို မဆိုလိုဘူး။ ဗုဒ္ဓရဲ့ အဆုံးအမ ကိုယ်မှာ တည်နေတာကိုပဲ 'ကျင့်'လို့ ဆိုလိုတာပါ။

ဟုတ်တယ် .. ကလေး မကပါဘူး၊ စိတ်ကို မထိန်းချုပ် မဆုံးမလိုတဲ့ လူကြီးပါ ဘုန်းကြီးကျောင်းမှာ ကြာကြာ မနေချင် ကြပါဘူး။ ဒါကြောင့် မြတ်ဗုဒ္ဓက ကိုယ်တိုင် ခဲယဉ်းစွာ ကျင့်ပြီးမှ ရထားတဲ့ မိမိရဲ့ လမ်းစဉ်ဟာ ရာဂ ဒေါသ အဝိဇ္ဇာ ဖုံးလွှမ်းခံ လောကသားများအဖို့ 'ပဋိသောတဂါမီ = ရေဆန်တရား'လို့ ကမ္ပည်းတပ်ခဲ့တာပေါ့။ လောကမှာ သီချင်းဆိုသံလို ဆူညံသံ ကြားမှ ပျော်တဲ့လူက ပိုများမှာပါ။ အဲဒါမျိုးနဲ့ ပျော်ချင်ရင် အဲဒီ လို နေရာမျိုးကို သွားရုံပါပဲ။ နိုက်ကလပ်ဆို ပိုပြီးတော့တောင် မကောင်းနိုင်ဘူးလား။

**ပျော်ရွှင်မှု**

မျက်စိ နား နှာ လျှာ ကိုယ်နဲ့ အာရုံခံစားမှုက တစ်ဆင့်ရတဲ့ ပျော်ရွှင်မှုအားလုံးကို မစစ်မှန်ဘူးလို့ ဗုဒ္ဓဝါဒက သင်ကြားတယ်။ အနည်းဆုံး ဆိုသံ တီးမှုတ်သံ မကြားတဲ့အချိန် မပျော်ဘူး ပျင်းတယ် ဆိုတာမျိုး ဖြစ်တယ် မဟုတ်လား။ အဲဒါ အစပဲပေါ့။ အာရုံ လိုက်စားမှု များတာနဲ့အမျှ မဆုံးနိုင်တော့ဘူး။ ဆာငန်ရေကို သောက်

သလို သောက်လေ တော်မပြေလေဘဲ။ အဲဒီ အာရုံ ခံစားမှုတွေဟာ စွဲလမ်း စိတ်ဆိုး မနာလို စိတ်ကြီးဝင်စတဲ့ စိတ် ညစ်နွမ်းမှုရဲ့ အကြောင်း ဖြစ်တဲ့ပြင် ယင်းသည် ဒုက္ခရဲ့ လက်သည်လည်း ဖြစ်ရတယ်။

ဒါပေမယ့် .. ပျော်ရွှင်မှု မရှိရဘူး မခံစားရဘူးလို့ မဆိုလိုပါဘူး။ သူ့နေရာ သူ့အကန့်နဲ့သူ စိတ်ကို စည်းကမ်း သတ်မှတ်ဖို့ပဲ သင်ကြားတာပါ။ လောကသား တစ်ယောက်အနေနဲ့ လောကီ ပျော်ရွှင်မှုနဲ့ ဘယ် ကင်းနိုင်မလဲ။ သောတာပန် အရိယာ ဖြစ်ပြီးတဲ့ ဝိသာခါ ကျောင်းအမကြီးတောင် သူ့ရဲ့ ကျောင်းရေစက်ချ အလှူပွဲမှာ မြူးတူး ကခုန်တယ်ဆို မဟုတ်လား။ ဒီနေရာမှာ မြတ်ဗုဒ္ဓ ဟောကြားတဲ့ ဝေဠုဒွါရေယျ သုတ္တန်ဟာ ဒီ မေးခွန်းနဲ့ သင့်မယ်လို့ ထင်ပါတယ် ..

## ကျင့်စဉ် ၉–ပါး

ကောသလတိုင်း ဝေဠုဒွါရေယျ ရွာသားတွေက မြတ်ဗုဒ္ဓအား 'မြတ်စွာဘုရား၊ တပည့်တော်တို့အား အိမ်ထောင်သည် ဘဝနဲ့ ကာမဂုဏ် ငါးပါးကို ခံစားပြီး သုဂတိဘဝကို ရောက်ကြောင်း တရားကို ဟောကြားပါ' လို့ လျှောက်ကြတယ်။ မြတ်ဗုဒ္ဓ ဟောတဲ့ တရားရဲ့ အနှစ်ချုပ်က ..

ငါသည် မသေလိုသကဲ့သို့ သူတစ်ပါးလည်း သေခြင်းကို အလိုမရှိ၊ ငါ့ဥစ္စာကို ခိုးယူသူအား မနှစ်မြို့သကဲ့သို့ သူတစ်ပါးလည်း သူခိုးကို လက်မခံ၊ ငါ့ သားမယားအပေါ် ကျူးလွန်သူကို ငါရွံမုန်းသကဲ့သို့ သူတစ်ပါးလည်း ကာမဂုဏ် ကျင့်မှားသူကို မကြိုက်ဟု ဆင်ခြင်ပြီး ထိုကိုယ်ကျင့် အမှားများမှ ရှောင်ကြဉ်၏။

မမှန်စွပ်စွဲပြီး ငါ့အကျိုးကို ဖျက်ဆီးသူအား ငါမရှုစိမ့်နိုင် သကဲ့သို့ သူတစ်ပါးလည်း အမှားဆိုသူကို မမြင်လို၊ ငါ့ မိတ်ဆွေ များနှင့် ကွဲအောင် ကုန်းချောစကား ပြောသူကို ငါ စက်ဆုပ် သကဲ့သို့ သူတစ်ပါးလည်း ကတုံးကတိုက် လုပ်သူကို ကွယ်ရာမှာ တံတွေး ထွေးလိမ့်မည်၊ ခက်ထန်စွာ ပြောဆိုသူကို ငါ မတွေ့လို သကဲ့သို့ သူတစ်ပါးလည်း ရိုင်းစိုင်းသူကို ရှောင်မည်၊ ငါ့ အကြောင်း ကွယ်ရာမှာ အတင်းပြောသူကို ငါ သည်းမခံနိုင်သလို သူတစ်ပါးလည်း ထိုအပြောကို စိတ်ဆိုး ဒေါသဖြင့် တုံ့ပြန်မည်ဟု နှလုံးသွင်းပြီး ထိုနှုတ်ကျင့်မှားများမှ ရှောင်ကြဉ်၏။

ဤသုတ်တော်ကောင်း တရား ခုနစ်ပါးနှင့် ပြည့်စုံသည့်ပြင် အပြုံးသို့ စိတ်ဆိုးဒေါသ ကင်းသော ဗုဒ္ဓ၊ တကယ် ကျင့်လျှင် တကယ် အကျိုးရှိ၏ဟု အာမခံသော ဓမ္မ၊ ဖြောင့်စွာ (အစွန်းမရောက် ဘက်မလိုက်) ကျင့်သော သံဃာတို့ကို ယုံကြည် ကျင့်သုံး အတုယူလျက် အရိယာ (အထက်တန်း ရောက်ပြီးသူ)တို့ နှစ်သက်သော သီလ (ငါးပါးသီလ)နှင့် ပြည့်စုံသူကို အပါယ်ပဋိသန္ဓေ ကင်းပြီဟု ဆိုနိုင်၏။ (သံ ၃၊ ၃၀၇)။

## အနှစ်ချုပ်

ဖော်ပြပါ သုတ်တော်ကောင်း တရား ၇–ပါး မြဲ၊ ဗုဒ္ဓဓမ္မသံဃာကို ယုံကြည် ကျင့်သုံး အတုယူ၊ ငါးပါးသီလလုံ၊ ဒီ ၉–ပါးနဲ့ ပြည့်စုံ ရင် ပျော်ရွှင်စရာ ကာမဂုဏ်အာရုံကို ခံစားရင်း သုဂတိဘုံသို့ ရောက်ဖို့ အထက်ပါ သုတ္တန်က အာမခံထားပါတယ်။ ❐